BRITISH COUNCIL

ဘေးကင်းလုံခြုံရေးအဖွဲ့

# ဘေးကင်းလုံခြုံရေးမူဝါဒ

အောက်တိုဘာ ၂၀၂၀

October 2020

www.britishcouncil.org

# Contents


မာတိကာ ........ 2

ဘေးကင်းလုံခြုံရေးမူဝါဒအဆို ........ 3

အနှစ်ချုပ် ........ 4

နောက်ခံသမိုင်း ........ 4

ဖွင့်ဆိုချက် ........ 4

နိဒါန်း ........ 6

ယဉ်ကျေးမှုကို သိလွယ်ခြင်း ........ 7

ရည်ရွယ်ချက် ........ 7

မူဘောင် ........ 7

သဘောတရား ........ 7

ကြိုတင်တားဆီးမှုလုပ်ငန်း ........ 10

ကဏ္ဍနှင့်တာဝန် ........ 10

စံနှုန်း ........ 10

ဘေးအန္တရာယ်ပုံဖော်ခြင်း၊ မိမိကိုယ်တိုင်စိစစ်ခြင်းနှင့် လုပ်ငန်းအစီအစဉ်များ ........ 10

ဘေးကင်းလုံခြုံစေရေး ပေါင်းစည်းပေးခြင်း ........ 11

အချက်အလက်နှင့်သင်တန်း ........ 11

အကြံနှင့်ပံ့ပိုးမှု ........ 12

အငြင်းပွားမှုနှင့်စိုးရိမ်မကင်းဖွယ်များကိုတုံ့ပြန်ခြင်း ........ 12

တာဝန်သိမှု၊ မော်နီတာလုပ်မှုနှင့် အကဲဖြတ်မှု ........ 14

တာဝန်သိမှု ........ 14

အရင်းအမြစ်များ ........ 14

အခြားမော်နီတာလုပ်သည့်နည်းစနစ်များ ........ 14

ဘေးကင်းလုံခြုံရေးမူဝါဒကိုပြန်လှန်သုံးသပ်ခြင်း ........ 14

## ဘေးကင်းလုံခြုံရေးမူဝါဒအဆို

ဗြိတိသျှကောင်စီသည် ယဉ်ကျေးမှုဆက်ဆံရေးနှင့် ပညာရေးအခွင့်အလမ်းအတွက် ယူကေမှ နိုင်ငံတကာ အဖွဲ့အစည်းဖြစ်ပါသည်။

မိမိတို့လုပ်ငန်းတွင် အကြောင်းကြောင်းကြောင့်ဘေးတွေ့နိုင်ခြေရှိသည့် ကလေး၊ လူကြီးများစွာနှင့် ကြုံတွေ့ရပါသည်။ မိမိတို့နှင့်ဆက်ဆံသော မည်သည့်ကလေး၊ လူကြီးမျှ ဘေးအန္တရာယ်နှင့် အမြတ်ထုတ်မှု မကြုံရလေအောင် လုံခြုံသည့် ဝန်းကျင်တစ်ရပ်ဖန်တီးရန် ရည်သန်ပါသည်။

ယူကေနှင့်နိုင်ငံတကာဥပဒေနှစ်ရပ်လုံး အခါအခွင့်အားလျော်စွာလိုက်နာမည်ဖြစ်ကာ ဒေသတွင်းဥပဒေနှင့်အညီ ဖြစ်စေရပါမည်။

## ဗြိတိသျှကောင်စီမှအောက်ပါတို့ကို အလေးထားအပ်ပါသည်-

- ကလေးသူငယ်၊ လူကြီးများကို တန်ဖိုးထားလေးစား နားထောင်ပေးပြီး လျှို့ဝှက်သင့်သည်များ လျှို့ဝှက်ကာ သမာသမတ်ကျစွာလုပ်ဆောင်ခြင်း
- အားကောင်းသောကာကွယ်ရေးစနစ်၊ လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ခြင်း၊ မတော်မတရားကျင့်နိုင်ခြေရှိသည့် ကိစ္စများအတွက် ကြိုတင်စီစဉ်မှု၊ ဘေးအန္တရာယ်စစ်ဆေးမှု၊ လုံခြုံဘေးကင်းရေးစနစ်များဖြင့် လျှော့ချခြင်းနှင့် ထိန်းသိမ်းခြင်း
- ကလေးသူငယ်၊ လူကြီးများကို အခါအားလျှော်စွာပါဝင်စေပြီး ဘေးကင်းလုံခြုံရေး စိုးရိမ်မကင်းဖွယ်များအကြောင်း အကောင်းဆုံးလုပ်ဆောင်နိုင်ပုံများကို သက်ဆိုင်သူများထံဝေမျှပေးခြင်း
- မတော်မတရားပြုသည်ဟုသံသယဖြစ်ဖွယ်ရှိက တက်တက်ကြွကြွစုံစမ်းစစ်ဆေးခြင်း

မိမိတို့ဝန်ထမ်းအားလုံးဤမူဝါဒနှင့်အညီပြုမူကျင့်ကြံစေပါသည်။ အလုပ်အပ်သူ၊ ဖောက်သည်များ၊ မိတ်ဖက်များ၊ ထောက်ပံ့သူများအားလုံး ဤမူဝါဒကို သတိချပ်ကာ လိုက်နာကျင့်ကြံစေပါသည်။

ဤမူဝါဒကို အကောင်အထည်ဖော်ရန် သင့်တင့်လျှောက်ပတ်သည့် အရင်းအမြစ်များပေးသွားမည်ဖြစ်ကာ အဖွဲ့အစည်းတစ်ရပ်လုံးသိရှိစေပြီး ဝန်ထမ်းအားလုံးလည်း နားလည်စေပါမည်။

ဥပဒေကြောင်းနှင့် စည်းမျဉ်းစည်းကမ်းအရ ပြောင်းလဲဖြစ်ပေါ်မှုများကို ထင်ဟပ်စေရန်နှင့် အလေ့အကျင့်ကောင်းဖြစ်စေရန် ဤအထွေထွေမူဝါဒအဆိုကို ဗြိတိသျှကောင်စီမှ နှစ်စဉ်ပြန်လည်သုံးသပ်မည်ဖြစ်သည်။

## အနှစ်ချုပ်

ကလေးသူငယ်နှင့် လူကြီးများ ဘေးကင်းလုံခြုံစေရေး မူဘောင်နှင့် မျှော်မှန်းချက်များကို မူဝါဒမှ ကျယ်ကျယ်ပြန့်ပြန့် ချမှတ်ပေးပါသည်။ ဘေးကင်းလုံခြုံရေး၏ အရေးပါပုံနှင့် ကလေးသူငယ်/လူကြီးများနှင့် ဆက်ဆံသည့်အခါ မိမိတို့ အဖွဲ့အစည်းအနေဖြင့် ကျေပွန်အောင် ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဖော်ပြအပ်ပါသည်။ မူဝါဒနှင့် အကျုံးမဝင်သည့် ဝန်ထမ်းကိစ္စများကို လူသားအရင်းအမြစ်နှင့် အခြားအဖွဲ့အစည်းဆိုင်ရာ မူဝါဒများတွင် ထည့်သွင်းထားပါသည်။

လုံခြုံဘေးကင်းမှုနှင့်စပ်လျဉ်း၍ အရေးတယူမလုပ်ပါက ဗြိတိသျှကောင်စီမှ လုံးဝသည်းခံမည်မဟုတ်ပါ။ လက်တွေ့အနေအထားတွင် မည်မျှပင်ကုန်ကျပြီး အဆင်မပြေဖြစ်စေကာမူ <u>စွမ်းစွမ်းတမန်</u>အားထုတ်ရပါမည်။

ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်မကင်းဖွယ်များ ရှိခဲ့လျှင် ဆိုင်ရာမန်နေဂျာ၊ ဘေးကင်းလုံခြုံရေးပင်မတာဝန်ခံ၊ နိုင်ငံအဆင့်ဘေးကင်းလုံခြုံရေးမန်နေဂျာ၊ ကမ္ဘာအဆင့် ဘေးကင်းလုံခြုံရေးအဖွဲ့(သို့)စိုးရိမ်မကင်းဖွယ်များသတိချပ်ဖွယ်မူဝါဒတွင် ဖော်ပြအပ်သည့် နောက်ထပ်လူပုဂ္ဂိုလ် တစ်ဦးထံ ဗြိတိသျှကောင်စီမှ ချက်ခြင်းတင်ပြစေပါမည်။

မူဝါဒကို မိမိတို့တန်ဖိုး၊ ကျင့်ဝတ်တို့နှင့်အညီ ချမှတ်ထားခြင်းဖြစ်ပြီး ထိုနှစ်ရပ်လုံးကို ကိုးကားလျှက် လိုက်နာစေ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို ပံ့ပိုးစေပါသည်။

ဤမူဝါဒမှ ဘေးကင်းလုံခြုံရေးနှင့် သက်ဆိုင်သည့် ဗြိတိသျှကောင်စီ၏ အခြားမူဝါဒများ - ဥပမာ- ကျင့်ဝတ်၊ ကျန်းမာဘေးကင်းရေး၊ ညီမျှရေး၊ သင်ကြားမှုအရည်အသွေးစံနှုန်း၊ အီလက်ထရွန်းနစ်-လုံခြုံရေး (E-Safety)နှင့် ဒေတာလုံခြုံရေး-တို့ကိုပြည့်စုံစေရေး အားဖြည့်ပေးရန် ရည်သန်ပါသည်။

တိုးတက်ပြောင်းလဲနေသည့်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းရေးရာကို ဤမူဝါဒမှ ထင်ဟပ်ကာ ကောင်းမွန်သော သင်ကြားရေး အလေ့အကျင့်ဖြစ်စေနိုင်ရေး ဗြိတိသျှကောင်စီမှ နှစ်စဉ်ပြန်လှန်သုံးသပ်ပေးပါသည်။

## နောက်ခံသမိုင်း

ကလေးသူငယ်ကာကွယ်ရေးမူဝါဒကို လက်ရှိယူကေနှင့်နိုင်ငံတကာဥပဒေများနှင့်အညီ ယခင်နှစ်များက ဗြိတိသျှကောင်စီမှ ကျင့်သုံးခဲ့ပါသည်။ ကာလကြာမြင့်လာသည်နှင့်အမျှ ဘေးအန္တရာယ်နှင့် မတော်မတရား ကျင့်မှုများအကြောင်း၊ အနေအထားအရပ်ရပ်တွင် မိမိတို့အဖွဲ့အစည်းလုပ်ကိုင်သည့် လုပ်ငန်း၌ ကြုံရသည့် ဘေးအန္တရာယ်အကြောင်း၊ ကလေးလူငယ်နှင့် လူကြီးများကို အလုံးစုံကြိုတင်ကာကွယ်ပေးရမည့် လိုအပ်ချက်အကြောင်း တိုးတက်နားလည်လာကာ ဝေါဟာရကိုလည်း ဘေးကင်းလုံခြုံရေးဟု ပြောင်းလဲခဲ့ပါသည်။

ထိုအပြောင်းအလဲများကို ထင်ဟပ်စေရန် ကလေးသူငယ်ကာကွယ်ရေးနှင့် ဘေးအန္တရာယ်ကြုံရသည့် လူကြီးများ မူဝါဒကို မှတ်တမ်းတစ်ခုတည်းအတွင်း ကမ္ဘာ့ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုမှ ပေါင်းစည်းခဲ့ပါသည်။

## ဖွင့်ဆိုချက်

မူဝါဒကို လွယ်လင့်တကူ ဖတ်ရှုနိုင်စေရန်နှင့် ရှည်လျားသည့်ဖွင့်ဆိုချက်များ ထပ်ခါတလဲလဲ မသုံးရစေရန် အောက်ပါဝေါဟာရများကို

သုံးထားပါသည်။

## ကလေးသူငယ်

ကလေးသူငယ်အခွင့်အရေးဆိုင်ရာကုလသမဂ္ဂသဘောတူညီချက် (UNCRC) ၁၉၈၉-နှင့်အညီ အသက် ၁၈-နှစ်မပြည့်သေးသည့်မည်သူမဆို ကလေးသူငယ်ဖြစ်သည်ဟု မူဝါဒအရ ဖွင့်ဆိုထားပါသည်။

မိမိတို့လုပ်ကိုင်သော နိုင်ငံများရှိ ဥပဒေများအရ ကလေးသူငယ်တစ်ဦးကို လူကြီးအဖြစ် သတ်မှတ်သော အသက်အရွယ်(သို့)ကလေးမှ သဘောတူနိုင်၊ တာဝန်ယူနိုင်သော အသက်အရွယ် အမျိုးမျိုးရှိသော်လည်း ကလေးသူငယ် အခွင့်အရေး သဘောတူညီချက်မှ ချမှတ်ထားသည့် နိုင်ငံတကာ ဥပဒေအရသာလျှင် ကလေးသူငယ် အဓိပ္ပါယ် ဖွင့်ဆိုချက်ကို သုံးမည်ဖြစ်ပါသည်။

## လူကြီး/အရွယ်ရောက်ပြီးသူ

ဘေးအန္တရာယ်ကြုံရသည့်အရွယ်ရောက်ပြီးသူကိုအောက်ပါအတိုင်းဖွင့်ဆိုအပ်ပါသည်-

- အသက် ၁၈-နှစ်နှင့် အထက်မည်သူမဆို
- သိသာထင်ရှားသည့် ဘေးအန္တရာယ်၊ အမြတ်ထုတ်မှု၊ လျစ်လျူရှုမှုတို့မှ မိမိကိုယ်မိမိ ကာကွယ်နိုင်စွမ်း မရှိကြောင်း ထုတ်ဖော်ပြောဆိုသူ
- သို့မဟုတ် ချို့နဲ့မှု၊ အိမ်ခြေယာမဲ့ဖြစ်မှု၊ စိတ်နှင့်ရုပ်ပိုင်းကျန်းမာရေးပြဿနာ၊ သင်ကြားရေး(သို့)ရုပ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု၊ ဘေးဒဏ်(သို့)ပဋိပက္ခကျရောက်မှုတို့ကြောင့် ဘေးတွေ့နေကြောင်းနားလည်ထားသူ

## ဝန်ထမ်း

မည်သည့် စာချုပ်ကိုသုံးထားသည်ဖြစ်စေ ဗြိတိသျှကောင်စီတွင် တစ်ဦးချင်း အမှုထမ်းနေသည့်သူအားလုံး 'ဝန်ထမ်း'ဝေါဟာရတွင် အကျုံးဝင်ပါသည်။ လုပ်ခရသူ၊ မရသူ၊ တစ်ကြိမ်တစ်ခါ၊ ရေတို(သို့) ရေရှည် လုပ်အားပေးသူများ ပါဝင်ပါသည်။ အတိုင်ပင်ခံနှင့် ယာယီစာချုပ် ချုပ်ဆိုထားသူများလည်း အကျုံးဝင်ပါသည်။ နိုင်ငံတွင်း၊ နိုင်ငံတကာနှင့် ယူကေဝန်ထမ်းအားလုံး ညီတူညီမျှ အကျုံးဝင်ကြပါသည်။

## မိတ်ဖက်၊ ထောက်ပံ့သူနှင့်ကန်ထရိုက်တာများ

'မိတ်ဖက်၊ ထောက်ပံ့သူနှင့်ကန်ထရိုက်တာများ'ဟူသော ဝေါဟာရသည် ကုန်ပစ္စည်း၊ ဝန်ဆောင်မှု၊ ပူးပေါင်းဆောင်ရွက်ရန် စာချုပ်ချုပ်ဆို(သို့)သဘောတူထားသူအားလုံးနှင့် သက်ဆိုင်ပါသည်။ ငွေရေးကြေးရေး(သို့)အခြား အကျိုးစီးပွားများရှိကောင်းရှိနိုင်သော်လည်း မရှိမဖြစ် လိုအပ်ခြင်းမဟုတ်ပါ။ မိမိတို့ကိုယ်စား လုပ်ငန်းအကောင်အထည်ဖော်ပေးသည့် မိတ်ဖက်များ၊ ဗြိတိသျှကောင်စီမှ အလုပ်သဘော ဆက်ဆံမည့် ဝန်ကြီးဌာနနှင့် အလှူရှင်/ရန်ပုံငွေပံ့ပိုးသူကဲ့သို့သော သက်ဆိုင်သူများ ပါဝင်ပါသည်။

## ဘေးကင်းလုံခြုံရေး-

ဤမူဝါဒအနေအထားတွင် ‘ဘေးကင်းလုံခြုံရေး’ဟူသည်မှာ (မိမိတို့၏ကျန်းမာရေးနှင့်လုံခြုံရေးမူဝါဒတွင် အကျုံးဝင်သော) မတော်တဆမှုကာကွယ်ခြင်းလည်းမဟုတ်၊ (ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်တွင် ဖွင့်ဆိုထားသည့်)ကလေးသူငယ်အခွင့်ရေးနှင့် အများဆိုင်ရာလူ့အခွင့်အရေး ကြေညာချက်တွင် ဖွင့်ဆိုထားသည့် လူ့အခွင့်အရေးကို အပြည့်အဝ အကောင်အထည်ဖော်မည်ဟု ဆိုလိုခြင်းလည်း မဟုတ်ပါ။ ကလေးသူငယ်နှင့် အရွယ်ရောက်ပြီးသူများကို မတော်မတရားပြုမူမှုမှ ကာကွယ်ရေးကိုသာ တိတိကျကျ ရည်ညွှန်းခြင်း ဖြစ်ပါသည်။

## ကလေးသူငယ်ကိုမတော်မတရားပြုကျင့်ခြင်း

ဗြိတိသျှကောင်စီမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှလက်ခံသည့် မတော်မတရားဆက်ဆံမှု၏ ဖွင့်ဆိုချက်ကို အသုံးပြုပါသည်- ‘ကလေးသူငယ်အားမတော်မတရားပြုကျင့်ခြင်း’ (သို့)‘မတရားဆက်ဆံခြင်း’ဟူသည်မှာ ဆက်ဆံမှု၊ တာဝန်ယူမှု၊ ယုံကြည်အပ်နှင်းမှု၊ အာဏာသက်ရောက်မှုရှိသည့် အနေအထား တစ်ရပ်တွင် ကလေးသူငယ်၏ ကျန်းမာရေး၊ ရှင်သန်ဖွံ့ဖြိုးမှု၊ ဂုဏ်သိက္ခာတို့ကို အမှန်တကယ် ထိခိုက်မှု သော်လည်းကောင်း၊ ထိခိုက်နိုင်ခြေရှိခြင်းသော်လည်းကောင်း ဖြစ်စေမည့် ကိုယ်ထိလက်ရောက် (သို့)စိတ်ပိုင်းဆိုင်ရာ ညှဉ်းဆဲမှု၊ လိင်ပိုင်းဆိုင်ရာ မတော်မတရားကျင့်မှု၊ လျစ်လျူရှုမှု၊ တာဝန်မဲ့လျစ်လျူရှုမှု၊ ငွေရေးကြေးရေးနှင့် အခြားကိစ္စများတွင် အမြတ်ထုတ်မှုပုံစံအားလုံးပါဝင်ပါသည်။

---

[1] The United Nations Convention for the Rights of the Child is the international framework which sets out the specific rights of children, including the right to protection. Over 190 countries are signatories to the Convention

[2] For further information see www.worldhealthorganization.org

## အရွယ်ရောက်ပြီးသူဘေးကင်းလုံခြုံရေး

အရွယ်ရောက်ပြီးသူဘေးကင်းလုံခြုံရေးဟူသည်မှာ အရွယ်ရောက်ပြီးသူတစ်ယောက်အပေါ် မတော်မတရားပြုကျင့်မှု၊ လျစ်လျူရှုမှုတို့မှ ကင်းလွတ်စေကာ လုံလုံခြုံခြုံနေထိုင်နိုင်မည့် အခွင့်အရေးကို ကာကွယ်ပေးခြင်းဖြစ်သည်။ ပြည်သူအများနှင့် အဖွဲ့အစည်းတို့ လက်တွဲကာ ဘေးအန္တရာယ်နှင့် မတော်မတရားပြုမှု၊ လျစ်လျူအရှုခံရမှုဟူသည့် အတွေ့အကြုံများကို တုံ့ပြန်ဆောင်ရွက်ရင်း တစ်ဆက်တည်း အရွယ်ရောက်ပြီးသူတို့၏အမြင်၊ ဆန္ဒ၊ ခံစားချက်၊ ယုံကြည်ချက်တို့ကို သင့်တင့်လျောက်ပတ်စွာ အလေးထားလျှက် ၄င်းတို့၏ သာစေမာစေရေး မြှင့်တင်ပေးခြင်း ဖြစ်ပါသည်။

ဘေးဖြစ်နိုင်ခြေရှိသည့် အရွယ်ရောက်ပြီးသူများ ဘေးကင်းလုံခြုံစေရေး (သို့) လျစ်လျူရှုမှု၊ မတော်မတရားပြုမှုတို့တွင် ပေါ်လွင်ထင်ရှားသည့် ဘေးအန္တရာယ်မှ ကာကွယ်ပေးသည်နှင့် တစ်ဆက်တည်း လူအများမှ မိမိတို့ဘဝကို ကိုယ်တိုင်ကိုယ်ကျ ထိန်းကိုင်နိုင်စေရေး ပံ့ပိုးပေးပါသည်။

# နိဒါန်း

မိမိတို့ ဗြိတိသျှကောင်စီ၏ လုပ်ငန်းတွင်သုံးသည့် ဘေးကင်းလုံခြုံရေးအတွက် ဖွင့်ဆိုချက်များကို အောက်ပါဥပဒေကြောင်းအရ ညွှန်ကြားချက်များမှ ရယူထားပါသည်-

- ကလေးသူငယ်များဘေးကင်းလုံခြုံရေး လက်တွဲကာကွယ်ပေး ၂၀၁၈-မှဖွင့်ဆိုချက်
- စောင့်ရှောက်ရေး ဥပဒေ ၂၀၁၄-တွင် ထုတ်ပြန်ထားသည့် စောင့်ရှောက်ပံ့ပိုးမှု အတွက်ဥပဒေကြောင်းအရ ညွှန်ကြားချက်-တွင်ဘေးတွေ့နိုင်ခြေရှိသည့်အရွယ်ရောက်ပြီးသူများအတွက်ဖွင့်ဆိုချက်

မိမိတို့လုပ်ကိုင်သည့် နိုင်ငံများ၊ လုပ်ငန်းအခင်းအကျင်း အမျိုးမျိုးနှင့် လုပ်ငန်းသဘောသဘာဝ ခြားနားမှုများကြောင့် ဘေးကင်းလုံခြုံရေးမူဝါဒကို လုပ်ဆောင်အကောင်အထည်ဖော်ရာတွင် ဗြိတိသျှကောင်စီအတွက် အဓိကစိန်ခေါ်မှုများ ရှိပါသည်။ ဒေသတွင်းလုပ်ငန်းအခြေအနေနှင့် ဥပဒေကြောင်းများကြောင့် နိုင်ငံအဆင့် မူဝါဒလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ပုံကို မိမိတို့ အဖွဲ့များ သိရှိထားရပါမည်။

**ဤမူဝါဒကို မဖြစ်မနေကျင့်သုံးရမည်ဖြစ်ကာ ဗြိတိသျှကောင်စီနှင့် မိမိတို့မိတ်ဖက်တို့၏ လုပ်ငန်း အနေအထား အရပ်ရပ်တွင် အကျုံးဝင်ပါသည်။**

လုံခြုံဘေးကင်းမှုနှင့်စပ်လျဉ်း၍ အရေးတယူမလုပ်ခြင်းကို ဗြိတိသျှကောင်စီမှ လုံးဝသည်းခံမည်မဟုတ်ပါ။ လက်တွေ့အနေအထားတွင် မည်မျှပင်ကုန်ကျပြီး အဆင်မပြေဖြစ်စေကာမူ စွမ်းစွမ်းတမန်အားထုတ်ရန် ဖြစ်ပါသည်။

မူဝါဒကို လိုက်နာရန်မဖြစ်နိုင်သည့်နေရာ (ဥပမာ-လုံခြုံရေးအကြောင်းအရ ဒေသတွင်း ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအပေါ် သက်ရောက်သည့် လုပ်ငန်းဆိုင်ရာ ဥပဒေများရှိခဲ့လျှင်) သင့်တင့်လျောက်ပတ်သည့်နည်းဖြင့် ပြောင်းလဲလုပ်ဆောင် နိုင်စေရန်

ကမ္ဘာ့ဘေးကင်းလုံခြုံရေး အဖွဲ့ထံတင်ပြရမည်။ **ထိုသို့လုပ်ဆောင်ရန်ပျက်ကွက်ခဲ့လျှင် မူဝါဒချိုးဖောက်ရာရောက်ပါသည်။**

မိမိတို့မူဝါဒအရ အဆင့်နှစ်ဆင့်ခွဲလုပ်ဆောင်ပါမည်-

- **ကာကွယ်ရေး**- ကလေးသူငယ်(သို့)အရွယ်ရောက်ပြီးသူ၏ဘေးတွေ့နိုင်ခြေ၊ မတော်မတရားအပြုခံနိုင်ခြေကိုလျှော့ချရန်

---

3 Care Act (DH, 2014a) https://www.gov.uk/government/publications/care-act-statutory-guidance/care-and-support-statutory-guidance

- **တုံ့ပြန်ဆောင်ရွက်ရေး**-စိုးရိမ်မကင်းဖွယ်များရှိသည့်အခါ (သို့) ဘေးတွေ့နိုင် မတော်မတရားပြုနိုင်သည်ဟု သံသယဖြစ်နိုင်သောအနေအထားကို သိရှိရသည့်အခါ ကလေး(သို့)အရွယ်ရောက်ပြီးသူကိုပံ့ပိုးပြီး အလားတူဖြစ်ရပ် ထပ်မံမဖြစ်စေရေး တားဆီးပေးရန်

### ယဉ်ကျေးမှုသိလွယ်ခြင်း

မိမိတို့ လုပ်ကိုင်သည့် အနေအထားတွင် ယဉ်ကျေးမှုအရ အကင်းပါးပါးနှင့် လူအမျိုးမျိုး သဘောအထွေထွေကို လေးစားသမှုပြုလျှက် ဆောင်ရွက်ရန် ဗြိတိသျှကောင်စီမှ ရည်သန်ပါသည်။ ကလေးသူငယ်/အရွယ်ရောက်ပြီးသူများကို ကာကွယ်စောင့်ရှောက်ပေးသည့် နည်းလမ်းများစွာရှိကြောင်း မှတ်သားလျှက် ယဉ်ကျေးမှုအရ အကင်းပါးသော၊ အနေအထားအရလည်းသင့်တော်သော နည်းလမ်းများဖြင့် ၄င်းတို့ ဘေးကင်းရန်ကွာစေရေး ကာကွယ်ပေးပါမည်။

သို့ရာတွင် ကမ္ဘာ့မည်သည့်နေရာမှ မည်သူမဆို အရေးပါကြောင်း မိမိတို့မှ ယုံကြည်ပြီး ယဉ်ကျေးမှုအကြောင်းပြုလျှက် မည်သည့်ကလေးသူငယ်/အရွယ်ရောက်ပြီးသူကိုမျှ မတော်မတရား မပြုရပါ။

ဤမူဝါဒသတ်မှတ်ချက်အရ ယူကေအခြေစိုက် အဖွဲ့အစည်းတစ်ခုဖြစ်သည့် ဗြိတိသျှကောင်စီမှ ကလေးသူငယ်/ အရွယ်ရောက်ပြီးသူများကို ဥပဒေဘောင်အတွင်း ကာကွယ်ပေးရာတွင် ယဉ်ကျေးမှုအရ အကင်းပါးပါးဖြင့် ချင့်ချင့်ချိန်ချိန်လုပ်ဆောင်ရန်ခဲယဉ်းသည့်နည်းတူ ဘေးအန္တရာယ်ဖြစ်စေမည့်အရာများအပေါ် နားလည်ပုံလည်း ကွဲပြားနိုင်ပါသည်။

နောက်ထပ်ညွှန်ကြားချက်များအတွက် ကမ္ဘာ့ဘေးကင်းလုံခြုံရေးအဖွဲ့ကို လိုအပ်သလို တိုင်ပင်နိုင်ပါသည်။

# ရည်ရွယ်ချက်

ဗြိတိသျှကောင်စီမှ ကလေးသူငယ်/အရွယ်ရောက်ပြီးသူများ ဘေးကင်းလုံခြုံစေရေး ကာကွယ်ပေးရမည် တာဝန်ကိုဆောင်ရွက်စေရန်

# မူဘောင်

ကမ္ဘာတစ်ဝှန်းမှ ဝန်ထမ်းအားလုံး ဤမူဝါဒကို လိုက်နာရပါမည်။

မိတ်ဖက်၊ ကန်ထရိုက်တာနှင့် ထောက်ပံ့သူတို့ အကျုံးဝင်ပြီး မိမိတို့ဆက်ဆံသည့်သူများ - ဥပမာ- ကလေးသူငယ်၊ မိဘ၊ ရပ်ရွာလူထု-တို့မှလည်း မူဝါဒကိုလိုက်နာသင့်ပါသည်။

(ရန်ပုံငွေမပေးလျှင်)မိမိတို့မှ အဓိကမိတ်ဖက်မဖြစ်သည့်အခါမျိုးတွင် ဗြိတိသျှကောင်စီ၏ ဘေးကင်းလုံခြုံရေးမူဝါဒကို မိတ်ဖက်များမှ လိုက်နာစေရန် အားပေး ထောက်ခံခြင်းသော်လည်းကောင်း၊ ၄င်းတို့ကိုယ်တိုင် မူဝါဒတစ်ရပ်ဖော်ဆောင်မည်ဟူ၍လည်းကောင်း မျှော်လင့်ပါသည်။

## သဘောတရား

ဤမူဝါဒ၏သဘောတရားရေးအရ အခြေပြုထားသည့် အဓိကဥပဒေရေးရာများနှင့် ညွှန်ကြားချက်များ၊ ကလေးသူငယ်/အရွယ်ရောက်ပြီးသူများ ဘေးကင်းလုံခြုံရေးအလေ့အကျင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ကလေးသူငယ်ဥပဒေ -၁၉၈၉
- ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးသဘောတူညီချက် - ၁၉၈၉
- ကလေးသူငယ်များဥပဒေ - ၂၀၀၄နှင့်၂၀၀၇
- အတူတူလုပ်ကိုင်ခြင်း -၂၀၁၈
- စောင့်ရှောက်မှုဥပဒေ - ၂၀၁၄
- လူ့အခွင့်အရေးဥပဒေ-၁၉၉၈
- ပညာရေးတွင်ကလေးတို့ဘေးကင်းစေခြင်း -၂၀၂၀

ကလေးသူငယ်နှင့်အရွယ်ရောက်ပြီးသူများ လုံခြုံဘေးကင်းရေးအတွက် မိမိတို့၏ သဘောတရားနှင့်တန်ဖိုးများကို အောက်ပါကဏ္ဍတွင် ဖော်ပြအပ်ပါသည်-

## ကလေးသူငယ်များ

- **ကလေးတို့၏အကျိုးစီးပွားအတွက်** အကောင်းဆုံးဆောင်ရွက်ရန်အရေးအကြီးဆုံးဖြစ်ပြီး မိမိတို့ဆုံးဖြတ်ချက်ချမှတ်ရေးတွင် အဓိကထောက်ထားစရာဖြစ်သည်။
- **ကလေးသူငယ်အခွင့်အရေး အလေးထားခြင်း**- ၁၉၈၉-ခု ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးသဘော တူညီချက်တွင် ချမှတ်ထားသည့်အတိုင်း ကာကွယ်မှု ခံယူပိုင်ခွင့်နှင့် ၎င်းတို့ဘဝအပေါ် သက်ရောက်သည့် ဆုံးဖြတ်ချက်များ ပါဝင်ချမှတ်ပိုင်ခွင့်တို့ ဖြစ်ပါသည်။
- **အခွင့်အလမ်းသာတူညီမျှမှု**- ကျား/မ၊ စွမ်းရည်၊ လူမျိုးစု၊ လူမျိုးစိတ်၊ ဘဝအကြောင်းတရားနှင့် အသက်အရွယ်မရွေး ကလေးအားလုံး မိမိတို့ လုပ်ဆောင်ချက်များကို ပျော်မွေ့စေနိုင်ရန်ဖြစ်သည်။ ထိခိုက်လွယ်သော ကလေးများအတွက် အမြင့်မားဆုံး ဘေးကင်းလုံခြုံစေရန်နှင့် အခွင့်အလမ်းများ တိုးတက်ရရှိစေနိုင်ရေး အထူးဂရုစိုက်ပေးရန်လိုအပ်ပါမည်။
- **တိုင်ပင်မှု**- မူဝါဒနှင့် မူဝါဒကိုအကောင်အထည်ဖော်မည့် လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ကလေးသူငယ်၊ မိသားစုများနှင့်

ဆွေးနွေးခြင်းဖြစ်သည်။

- **ယဉ်ကျေးမှုသိလွယ်မှုနှင့်ဒေသအခင်းအကျင်းကိုအသိအမှတ်ပြုခြင်း-** ဆုံးဖြတ်ချက်ချခြင်းနှင့်လုပ်ထုံးလုပ်နည်း ချမှတ်ခြင်းတို့အတွက်ဖြစ်ပါသည်။
- **တာဝန်သိမှုနှင့်တာဝန်ရှိမှု**-ကလေးတစ်ယောက်ဘေးတွေ့နိုင်ခြေရှိကြောင်း၊ ဘေးတွေ့ပြီးဖြစ်ကြောင်း ယုံကြည်လောက်သည့် အနေအထားတွင် ကလေးသူငယ်များကို စောင့်ရှောက်ရမည့် မိမိတို့တာဝန်ကို ဖြည့်ဆည်းရန်ဖြစ်သည်။
- **ရိုးသားပွင့်လင်းသော**-နည်းလမ်းဖြင့် ကလေးသူငယ်များ အပါအဝင် မိမိတို့လုပ်ငန်းနှင့် ဆက်စပ်သူများကို ဘေးကင်းလုံခြုံရေးမူဝါဒအကြောင်း အသိပေးခြင်း၊ ကလေးသူငယ်များကို မိမိတို့မှ မည်ကဲ့သို့ ဘေးကင်းလုံခြုံအောင် စောင့်ရှောက်ကြောင်း ရှင်းပြခြင်းဖြစ်ပါသည်။
- **လျှို့ဝှက်ထားစေခြင်း-** ထိလွယ်ရှလွယ်တစ်သီးပုဂ္ဂလအချက်အလက်များကို ကာကွယ်ရန်ဖြစ်သည်။ သိရန်လိုအပ်မှ သတင်းအချက်အလက်များ ဝေမျှမည်ဖြစ်ကာ ရုံးလုပ်ငန်းတာဝန်များလုပ်ဆောင်ရန်အတွက်သာ အချက်အလက်များ သုံးရပါမည်။
- **ကလေးသူငယ်ဘေးကင်းလုံခြုံရေးပူးပေါင်းဆောင်ရွက်ခြင်း**-ဗြိတိသျှကောင်စီအတွင်းဖြစ်စေ၊ အခြားအဖွဲ့အစည်းများနှင့်ဖြစ်စေ ဆောင်ရွက်ရန်ဖြစ်သည်။ လိုအပ်လျှင် တရားဥပဒေစိုးမိုးရေးအဖွဲ့၊ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့တို့ ပါဝင်ပါမည်။

# အရွယ်ရောက်ပြီးသူများ

- **လုပ်ပိုင်ခွင့်ပေးခြင်း**

မိမိတို့ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်စေရန်၊ အသိတရားရှိရှိ သဘောတူနိုင်စေရန် လူအများကို ပံ့ပိုးအားပေးခြင်းဖြစ်သည်။

"ဘေးကင်းလုံခြုံရေးလုပ်ငန်းစဉ်ကနေ ဘယ်လိုရလဒ်တွေ လိုချင်သလဲမေးတော့ (အဲဒီရလဒ်တွေကိုလုပ်ငန်းမှာ) တိုက်ရိုက်သုံးနိုင်တာပေါ့"

- **ဘေးအန္တရာယ်လျှော့ချခြင်း**

ဖြစ်နိုင်ခြေရှိသည့် ဘေးအန္တရာယ်များကို ဖော်ထုတ်ပြီး လျှော့ချရာတွင် ဗြိတိသျှကောင်စီမှ နည်းလမ်းမျိုးစုံ/ ချဉ်းကပ်မှုအဖုံဖုံကို တစ်စိုက်မတ်မတ်ဖော်ဆောင်ခဲ့ကာ အများနားလည်ပြီး လိုက်နာလုပ်ဆောင်ကြစေရန် အရာရောက်သည့် လုပ်ငန်းယူနစ်အားလုံးထံအသိပေးပါမည်။

'ဘေးအန္တရာယ်ကိုဖော်ထုတ်ရန်နှင့် ထိန်းသိမ်းရန် နည်းလမ်းများ၊ စည်းဘောင်များကို သင့်တော်သည့် မန်နေဂျာများထံ အသိပေးထားပါမည်။'

- **အချိုးကျမှု**

ဘေးအန္တရာယ်နှင့်လည်းသင့်တော်ပြီး ထိခိုက်မှုအနည်းဆုံးတုံ့ပြန်မှုကိုတင်ပြပါသည်။

"ကျွန်တော့်အကျိုးစီးပွားအတွက် ပညာရှင်တွေက လုပ်ဆောင်ပြီး လိုအပ်သလောက်သာ ဝင်ပါကြမှာ သေချာပါတယ်။"

- **ကာကွယ်ရေး**

  အလိုအပ်ဆုံးသူများအတွက်ပံ့ပိုးပြီး ကိုယ်စားပြုခြင်း

  “မတော်မတရားကျင့်မှု၊ လျစ်လျူရှုမှုတွေ တိုင်တန်းဖို့ အကူအညီနဲ့ ပံ့ပိုးမှုရပါတယ်။ အကူအညီရမှလည်း ကျွန်တော်လိုချင်တဲ့ အတိုင်းအတာထိ ဘေးကင်းလုံခြုံရေး လုပ်ငန်းစဉ်မှာ ပါဝင်နိုင်မှာဖြစ်ပါတယ်။ ”

- **လျှင်မြန်စွာတုံ့ပြန်ခြင်း**

  ရပ်ရွာလူထုနှင့် နီးနီးကပ်ကပ် လုပ်ကိုင်ခြင်းဖြင့် ဝန်ဆောင်သူများမှ ဒေသတွင်းအဖြေများ ဖွေရှာပေးပါသည်။ လျစ်လျူရှုမှုနှင့် မတော်မတရားပြုမှုတို့ကို တားဆီး၊ စုံစမ်း၊ တိုင်တန်းရာတွင် ရပ်ရွာလူထုမှလည်း ပါဝင်နိုင်ပါသည်။

  “ပုဂ္ဂိုလ်ရေးနဲ့ ထိလွယ်ရှလွယ်အချက်အလက်တွေကို ဝန်ထမ်းတွေ သိုသိုသိပ်သိပ် ထိန်းသိမ်းထားပြီး အကျိုးရှိပြီး လိုအပ်မှပဲ ဝေမျှကြပါတယ်။ အကောင်းဆုံးရလဒ် ရရှိအောင် ပညာရှင်အချင်းချင်းရော၊ ကျွန်တော်နဲ့ရော ပူးပေါင်း ဆောင်ရွက်မယ်ဆိုတာ ယုံကြည်ပါတယ်။ ”

- **တာဝန်သိမှု**

  ဘေးကင်းလုံခြုံစေရေး တာဝန်သိမှုနှင့်ပွင့်လင်းမြင်သာမှု

အထက်ပါသဘောတရားများကို ဗြိတိသျှကောင်စီ၏ တန်ဖိုးများနှင့်အညီ ပံ့ပိုးပေးထားပါသည်။ ဤတန်ဖိုးများမှ မိမိတို့၏ ဆုံးဖြတ်ချက်၊ အဖွဲ့အစည်းယဉ်ကျေးမှုနှင့် အပြုအမူ၊ ပြင်ပပုဂ္ဂိုလ်များနှင့်ဆက်ဆံရေးတို့ကို လွှမ်းခြုံထားပြီး ဤမူဝါဒအကောင်အထည်ဖော်မှုရာတွင် အခြေပြုပါသည်။

## ဖြိတိသျှကောင်စီတန်ဖိုးများ

ဖြိတိသျှကောင်စီတွင် အဖွဲ့အစည်းတန်ဖိုး ၆-ခု သုံးစုံရှိပါသည်။

- ပွင့်လင်းပြီး တာဝန်သိခြင်း
- ကျွမ်းကျင်ပြီး အများအကျိုးဝင်ခြင်း
- အကောင်းမြင်ပြီး ရဲဝံ့ခြင်း

## ကြိုတင်ကာကွယ်လုပ်ဆောင်ချက်များ

ဘေးကင်းလုံခြုံစေရေးအတွက် အဓိကအချက်မှာ မတော်မတရားမှု တားဆီးရေးဖြစ်သည်။ အဖွဲ့အစည်းအတွင်း သတိချပ်ခြင်း အလေ့အကျင့်ကောင်းမွန်စေခြင်းတို့ဖြင့် ဝန်ထမ်းတို့၏လုပ်ရပ်များ အပြုသဘော ပိုမိုဆောင်လာစေကာ စိတ်ဆိုးစိတ်ကွက်နိုင်ခြေများ လျှော့ချပေးလျှက် စောစီးစွာ စုံစမ်းသိရှိခြင်းဖြင့် ဘေးကင်းလုံခြုံရေး စိတ်မအေးဖွယ်များကို တုံ့ပြန်စေနိုင်ကြောင်း လက်ခံထားကြပါသည်။ ဘေးကင်းလုံခြုံရေးအတွက် အန္တရာယ် ဖြစ်နိုင်ခြေများကို သင့်တင့်လျောက်ပတ်စွာ တက်တက်ကြွကြွ ဆန်းစစ်မထားသည့် အစီအစဉ်၊ လုပ်ငန်းများ၏ ဒီဇိုင်း၊ ဖော်ဆောင်ပုံနှင့် အကောင်အထည်ဖော်ပုံကြောင့် ကလေးသူငယ်/အရွယ်ရောက်ပြီးသူများကို ဆိုးကျိုးများသက်ရောက်စေပြီး မိမိတို့လုပ်ရပ်ကြောင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဘေးတွေ့စေနိုင်ပါသည်။

ဖြိတိသျှကောင်စီနှင့် ဆက်ဆံစဉ် ကလေးသူငယ်/အရွယ်ရောက်ပြီးသူများ ဘေးမသန်းစေရန် မတော်မတရား ပြုကျင့်မှုတားဆီးနိုင်ရေး ပံ့ပိုးပေးရန် ချမှတ်ထားသည့် စနစ်များအပြင် အဖွဲ့အစည်းအတွင်း မူဝါဒအကောင် အထည်ဖော်ပုံကို အောက်ပါနယ်ပယ်များမှ သတ်မှတ်ပေးထားပါသည်။

## ကဏ္ဍနှင့်တာဝန်များ

အဖွဲ့အစည်းအတွင်း လုပ်ငန်းဆိုင်ရာနည်းဗျူဟာနှင့် ဘေးအန္တရာယ်ထိန်းသိမ်းရေးတို့ကို ပံ့ပိုးပေးရန်နှင့် ဘေးကင်းလုံခြုံရေး မူဝါဒနှင့်လုပ်ထုံးလုပ်နည်းတို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော်စေနိုင်ရေး တိတိကျကျသတ်မှတ်ထားသည့် ကဏ္ဍများ၊ အဓိပ္ပါယ်ဖွင့်ဆိုထားသည့် တာဝန်များရှိပါသည်။ ကမ္ဘာ့ဘေးကင်းလုံခြုံရေးအဖွဲ့မှ ဝန်ထမ်းနှင့်မိတ်ဖက်အားလုံးအတွက် မူဝါဒ လက်တွေ့လုပ်ဆောင်ပုံအား ညွှန်းဆိုထားသည့် လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကို ဖော်ဆောင်ရန်တာဝန်ရှိကာ Global Safeguarding အင်ထရာနက်တွင် ဝင်ကြည့်နိုင်ပါသည်။ ကမ္ဘာ့ဘေးကင်းလုံခြုံရေးအဖွဲ့မှ ဒီဇိုင်းထုတ်ပြီး ပို့ချမည့်သင်တန်း၊ စွမ်းရည်မြှင့်တင်မှုတို့ဖြင့် ဆက်လက်ပံ့ပိုးပေးမည်လည်းဖြစ်ပါသည်။

## စံနှုန်း

ဥပဒေရေးရာလိုအပ်ချက်နှင့် အကောင်းဆုံးအလေ့အကျင့်မှတ်ကျောက်တင်ပြီးသည့် ဘေးကင်းလုံခြုံရေး စံနှုန်းကို ကမ္ဘာ့ဘေးကင်းလုံခြုံရေးအဖွဲ့မှ ဖော်ဆောင်ထားပါသည်။ အဖွဲ့အစည်းအတွင်း တစ်သမတ်တည်း ဘေးအန္တရာယ် လျှော့ချပေးပြီး မတော်မတရားကျင့်မှုတားဆီးရန်နှင့် ဖြစ်စဉ်များကို သင့်တော်စွာ တုံ့ပြန်ရန် ဗြိတိသျှကောင်စီလုပ်ငန်းများတွင် ရှိသင့်သည့်အရာများကို ဖော်ပြထားပါသည်။ ဘေးကင်းလုံခြုံရေးစံနှုန်း အကြောင်း နောက်ထပ်သိလိုလျှင် Global Safeguarding အင်ထရာနက်ဆိုက်တွင်တွေ့နိုင်ပါသည်။

## ဘေးအန္တရာယ်ပုံဖော်ခြင်း၊ မိမိကိုယ်တိုင်စိစစ်ခြင်းနှင့် လုပ်ငန်းအစီအစဉ်များ

ကာကွယ်တားဆီးရေးလုပ်ငန်းစနစ်ကို ပံ့ပိုးပေးရန် မိမိတို့အနေအထား၌ ဘေးကင်းလုံခြုံရေးတွင် ကြုံတွေ့နိုင်သည့် ဘေးအန္တရာယ်များကို နိုင်ငံအများမှ နားလည်ပြီး မော်နီတာလုပ်ကာ မိမိတို့၏ ဘေးကင်းလုံခြုံရေး စံနှုန်းအလိုက် အကောင်အထည်ဖော်နိုင်ကာ ဘေးအန္တရာယ်ဖြစ်ရပ်များ လျှော့ချနိုင်ကြစေရန် ကမ္ဘာ့ဘေးကင်းလုံခြုံရေးအဖွဲ့မှ စနစ်တစ်ရပ်ကို ဖော်ဆောင်ထားပါသည်။ ဘေးအန္တရာယ်ပုံဖော်ခြင်း၊ မိမိကိုယ်တိုင်စိစစ်ခြင်းနှင့် လုပ်ငန်းအစီအစဉ်များအရ အောင်မြင်စွာအကောင်အထည်ဖော်အပ်ပါသည်။

ကမ္ဘာ့ဘေးကင်းလုံခြုံရေးအဖွဲ့မှ ချမှတ်ထားသော ပုံစံကို အသုံးပြုပြီး တောင်းဆိုလာခဲ့လျှင် နိုင်ငံတိုင်းမှ နှစ်စဉ် ဘေးကင်းလုံခြုံရေးအတွက် အန္တရာယ်ပုံဖော်မှုအလေ့အကျင့်ကို ကလေးသူငယ်/အရွယ်ရောက်ပြီးသူများနှင့် လုပ်ဆောင်သော လုပ်ငန်းများနှင့် စပ်လျဉ်း၍ အချက်အလက်များ တင်ပြခြင်းဖြင့် မိမိတို့ ဘေးဖြစ်နိုင်ခြေကို ပိုမိုရှင်းလင်းစွာ နားလည်စေနိုင်ပါမည်။

တစ်ဖန် နိုင်ငံတိုင်းနှင့် အဖွဲ့အစည်းအဆင့်ရှိ ဗျူဟာမြောက်စီးပွားရေးယူနစ် (SBU)မှ ဘေးကင်းလုံခြုံရေး မူဝါဒအကောင်အထည်ဖော်ရာတွင်တိုးတက်မှုကို တိုင်းတာလျှက် ကွာဟချက်များဖော်ထုတ်စေနိုင်ရန် မိမိကိုယ်မိမိ စိစစ်ရပါမည်။ အခြားအဓိကကျသည့် ဝန်ထမ်းများအပါအဝင် ဘေးကင်းလုံခြုံရေးပင်မတာဝန်ခံ/နိုင်ငံအဆင့်ဘေးကင်းလုံခြုံရေး မန်နေဂျာတို့မှ စိစစ်မှုအတွက် ပြင်ဆင်ပေးရန်ဖြစ်ပြီး ကမ္ဘာ့ဘေးကင်းလုံခြုံရေးအဖွဲ့မှ ပြန်လှန်သုံးသပ်ရန်ဖြစ်ပါသည်။ သုံးသပ်ပြီးသည့်အခါ ဆိုင်ရာနိုင်ငံအဆင့် ညွှန်ကြားရေးမှူး (သို့) SBU ခေါင်းဆောင်မှ လက်မှတ်ထိုးရပါမည်။

နိုင်ငံအားလုံးနှင့် အဖွဲ့အစည်းအဆင့်ရှိ ဗျူဟာမြောက်စီးပွားရေးယူနစ် (SBU)တို့မှ မတော်မတရားကျင့်မှုကို လုံလုံလောက်လောက် တားဆီးနိုင်ရေး ချမှတ်ပေးထားသည့် နှစ်စဉ်လုပ်ငန်းအစီအစဉ်ကို ပြင်ဆင်ရပါမည်။ နှစ်စဉ်ဘေးကင်းလုံခြုံရေးစိစစ်မှု၌ ပြထားသည့်အတိုင်း ဘေးကင်းလုံခြုံရေးမူဝါဒကို အကောင်အထည်ဖော်ရာတွင် လိုအပ်မည့် မည်သည့်လုပ်ဆောင်ချက်မဆို အစီအစဉ်တွင် အသေးစိတ် ဖော်ပြထားရပါမည်။ ဘေးကင်းလုံခြုံရေးလုပ်ငန်းအစီအစဉ်ကို ကမ္ဘာ့ဘေးကင်းလုံခြုံရေးအဖွဲ့မှ သဘောတူညီပြီး ဆိုင်ရာနိုင်ငံညွှန်ကြားရေးမှူး(သို့) SBUခေါင်းဆောင်မှ လက်မှတ်ရေးထိုးရပါမည်။

## ဘေးကင်းလုံခြုံရေးပေါင်းစည်းပေးခြင်း

ဗြိတိသျှကောင်စီအနေဖြင့် မတော်မတရား ကျင့်ကြံမှုတားဆီးရေး မြှင့်တင်ပေးရန်နှင့် အလေးထားလုပ်ဆောင်ရန် လက်ရှိနှင့်အသစ်အသစ်သော လုပ်ငန်းလုပ်ဆောင်ချက်၊ လုပ်ငန်းစဉ်နှင့် စနစ်များတွင် ဘေးကင်းလုံခြုံမှုကို ပေါင်းစည်းလျှက် တက်တက်ကြွကြွ စီမံခန့်ခွဲရပါမည်။ လုပ်ငန်းပုံစံချမှတ်မှု၊ ဖော်ဆောင်မှု၊ အစီအစဉ်ဆွဲမှု အဆင့်အားလုံးတွင် မူလအစကပင် ဘေးကင်းလုံခြုံရေး ထည့်တွေးရပါမည်။ (ပဋိပက္ခဖြစ်ပွားသည့် နယ်များကဲ့သို့သော)ခက်ခဲပြီး စိန်ခေါ်မှုရှိသည့် နေရာများတွင် (သို့) ကလေးသူငယ်/အရွယ်ရောက်ပြီးသူများအတွက် (ငယ်ရွယ်မှု၊ မစွမ်းမသန်မှု၊ လူမျိုးစု၊ လူမျိုးစိတ်၊ ယဉ်ကျေးမှု၊ ကျား/မ

စသည့်အကြောင်းများကြောင့်) ထိလွယ်ခိုက်လွယ်ရှိသည့် အနေအထားတွင် လုပ်ကိုင်သည့်အခါ ဘေးအန္တရာယ်အားလုံးကို လုံလုံလောက်လောက် ထောက်ထားဖြေရှင်းပေးနိုင်စေရန် ဘေးကင်းလုံခြုံရေးကို အထူးထည့်တွေး လုပ်ဆောင်ရပါမည်။

ကလေးသူငယ်/အရွယ်ရောက်ပြီးသူများကိုကာကွယ်ရမည့် မိမိတို့တာဝန်ကို ဖြည့်ဆည်းသည့်အခါ ဘေးအန္တရာယ်လျှော့ချရန်နှင့် လိုက်နာရန် အထူးလိုအပ်ပါသည်။ အဖွဲ့အစည်းအတွင်းမှ အဖွဲ့များကို ပံ့ပိုးရာတွင် Global Safeguarding အင်ထရာနက်ဆိုက်မှ ရယူနိုင်သည့် အရင်းအမြစ် အတော်များများကို ကမ္ဘာ့ဘေးကင်းလုံခြုံရေးအဖွဲ့မှ ဖော်ဆောင်ထားပါသည်။

# သတင်းအချက်အလက်နှင့် သင်တန်း

ဘေးကင်းလုံခြုံရေးမူဝါဒကို လက်တွေ့ကျကျ ထိရောက်စွာ အကောင်အထည်ဖော်စေနိုင်ရန် ဝန်ထမ်းများ၊ မိတ်ဖက်များ၊ ကန်ထရိုက်တာများကို ခန့်အပ်ပြီးသည့်နောက် မိမိတို့ ဘေးကင်းလုံခြုံရေး မူဝါဒအကြောင်း သင်တန်းပေးပါမည်။ မူဝါဒအရ ဗြိတိသျှကောင်စီမှ သင်တန်းပို့ချမှုနှင့် ပညာပေးခြင်းတို့ကို လုပ်ဆောင်ရန် တာဝန်ရှိသည့်နည်းတူ ထိုသင်တန်းကိုပါဝင်တက်ရောက်ရန် ဝန်ထမ်းတို့ တာဝန်ကိုယ်စီရှိပါသည်။

ဝန်ထမ်းတိုင်းကို ဘေးကင်းလုံခြုံရေးမူဝါဒတစ်စောင်စီနှင့် ၎င်းတို့အတွက် ပင်မဘေးကင်းလုံခြုံရေး တာဝန်ရှိသူ၏ အမည်နှင့် ဆက်သွယ်ရန်အချက်အလက်များ ပေးထားသင့်ပါသည်။

မိတ်ဖက်အားလုံး၊ ထောက်ပံ့သူ၊ ကန်ထရိုက်တာနှင့် (လုပ်ငန်း အစီအစဉ်တွင် ပါဝင်သည့် ကလေးသူငယ်၊ အရွယ်ရောက်ပြီးသူ၊ မိဘများအပါအဝင်) ဝန်ဆောင်မှုရယူသူအားလုံးက မိမိတို့၏ ဘေးကင်းလုံခြုံရေးမူဝါဒရှိကြောင်း သတိမူစေရန် မူဝါဒစာစောင်များကို တောင်းဆိုလျှင် ပေးသင့်ပါသည်။ စိုးရိမ်မကင်းဖွယ်/အငြင်းပွားဖွယ်(သို့) တိုင်တန်းစရာ ရှိသည့်အခါ ဆက်သွယ်ရမည့်သူကိုလည်း ထည့်သွင်းအကြံပေးသင့်ပါသည်။

ဘေးကင်းလုံခြုံရေးကမ္ဘာ့မူဝါဒအဆိုကို ဒေသတွင်းအခင်းအကျင်းနှင့် သင့်တော်သည့် ပုံစံသုံးပြီး ဒေသတွင်းဘာသာစကားဖြင့် ဘာသာပြန်ဆိုကာ ဝန်ဆောင်မှုရယူသူများ လွယ်လင့်တကူ တွေ့မြင်နိုင်မည့် နေရာတွင်ထားရှိသင့်ပါသည်။

# အကြံပေးမှုနှင့်ပံ့ပိုးမှု

ဘေးကင်းလုံခြုံရေးကို လုပ်ငန်းလုပ်ဆောင်ချက်အတွင်း ထည့်သွင်းခြင်း၊ ဘေးကင်းလုံခြုံရေးမူဝါဒ အကောင် အထည်ဖော်ခြင်း၊ အသုံးတည့်ခြင်းမတည့်ခြင်းတို့နှင့် စပ်လျဉ်း၍ ဝန်ထမ်းအားလုံး အကြံပြုနိုင်ရပါမည်။ မူဝါဒအကောင်အထည်ဖော်ရာတွင် လိုအပ်သည့် အရင်းအမြစ်နှင့် ညွှန်ကြားချက်ကို Global Safeguarding အင်ထရာနက်ဆိုက်တွင်ရနိုင်ပါသည်။ ဝန်ထမ်းများတွင် တိကျသော ဘေးကင်းလုံခြုံရေးစိုးရိမ်မကင်းဖွယ် ရှိလျှင်ဖြစ်စေ၊ နောက်ထပ်အကူအညီလိုအပ်လျှင်ဖြစ်စေ ၎င်းတို့၏ ဒေသတွင်း ဘေးကင်းလုံခြုံရေးပင်မတာဝန်ခံ(သို့)ကမ္ဘာ့ဘေးကင်းလုံခြုံရေးအဖွဲ့ကို ဆက်သွယ်သင့်ပါသည်။

တစ်ဖန် ဘေးကင်းလုံခြုံရေးပင်မတာဝန်ခံ(သို့)နိုင်ငံအဆင့်ဘေးကင်းလုံခြုံရေးမန်နေဂျာမှတစ်ဆင့် နိုင်ငံတွင်းရုံးများက ဒေသတွင်း ဥပဒေ၊ ယဉ်ကျေးမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခင်းအကျင်းအရ ဘေးကင်းလုံခြုံရေးအကြောင်း အချက်အလက်နှင့် ညွှန်ကြားချက် တိတိကျကျပေးနိုင်မည့် ဘေးကင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့များကိုဖော်ထုတ် ဆက်သွယ်သင့်ပါသည်။

# အငြင်းပွားမှုနှင့်စိုးရိမ်မကင်းဖွယ်များတုံ့ပြန်ခြင်း

ဗြိတိသျှကောင်စီသည် နိုင်ငံရပ်ခြားတွင်လုပ်ကိုင်သည့် ယူကေအခြေစိုက် အဖွဲ့အစည်းဖြစ်သောကြောင့် ဒေသတွင်း ဥပဒေများအပြင် သဘောတရားရေးကဏ္ဍတွင် ပြခဲ့သည့်အတိုင်း ယူကေနှင့် နိုင်ငံတကာတရားဥပဒေအောက် တိတိကျကျလိုက်နာရန် တာဝန်ရှိသည့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ရှိပါသည်။ မိမိတို့လုပ်ကိုင်သည့်နိုင်ငံအားလုံးမှ ကလေးသူငယ်/ အရွယ်ရောက်ပြီးသူ အားလုံးကိုကာကွယ်ရေးနှင့်လည်းကောင်း၊ မိတ်ဖက်၊ ကန်ထရိုက်တာနှင့် ထောက်ပံ့သူတို့အပေါ် မိမိတို့၏ မျှော်မှန်းချက်နှင့် လည်းကောင်း သက်ဆိုင်ပါသည်။ တစ်ဖန် ဘေးကင်းလုံခြုံရေး ဖြစ်စဉ်များကို အစီအရင်ခံရန် ပရဟိတကော်မရှင်(the Charity Commission)မှ ၂၀၁၄-ခုတွင် စည်းကမ်းသတ်မှတ်ခဲ့ပါသည်။ အစီရင်ခံရန် ပျက်ကွက်ခဲ့လျှင် စည်းမျဉ်းစည်းကမ်းအရ အရေးယူခြင်း ခံရပါမည်။

ထို့ကြောင့် အဖွဲ့အစည်း အတွင်း/အပြင် မတော်မတရားမှု/အန္တရာယ်အမှန်တကယ် ရှိလျှင်ဖြစ်စေ၊ ဖြစ်နေကြောင်း သံသယ ရှိလျှင်ဖြစ်စေ သင့်တင့်လျောက်ပတ်စွာ တုံ့ပြန်စေရာတွင် ဗြိတိသျှကောင်စီအနေဖြင့် စောင့်ရှောက်ရမည့် တာဝန်ရှိပါသည်။ ကလေးသူငယ်/အရွယ်ရောက်ပြီးသူတို့၏ အကျိုးစီးပွားကို အကောင်းဆုံး ဖော်ဆောင်ရန်ဖြစ်သည်။ အလားတူ အဖြစ်အပျက်များ နောင်အခါထပ်မဖြစ်အောင် တားဆီးပြီး ကျူးလွန်လိုက်သည့် ပြစ်မှုနှင့် စပ်လျဉ်းသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းအားလုံးကို မိမိတို့မှ လိုက်နာစေရပါမည်။

## ဤမူဝါဒကို အကောင်အထည်ဖော်ရာ၌ ကလေးသူငယ်/အရွယ်ရောက်ပြီးသူတို့ ဘေးကင်းလုံခြုံကာ သာစေမာစေရေး လုပ်ဆောင်ပေးရန် မည်သည့်ကဏ္ဍတွင်မဆို လူတိုင်းတာဝန်ကိုယ်စီရှိပါသည်။

ထို့အပြင် မန်နေဂျာနှင့် အခြားဘေးကင်းလုံခြုံရေး တာဝန်ရှိသူများကဲ့သို့သော ဝန်ထမ်းများသည် မိမိတို့၏ ကဏ္ဍပရိုဖိုင်း၊ လုပ်ဆောင်ဖွယ်၊ တာဝန်ရှိမှုနှင့် တာဝန်သိမှုမူဘောင်အရသော်လည်းကောင်း၊ ဤမူဝါဒအရ သော်လည်းကောင်း လုပ်ငန်းတာဝန်များ တိတိကျကျရှိကြပါမည်။

မည်သည့် ကဏ္ဍ လုပ်ငန်းဆောင်တာတွင်မဆို ဗြိတိသျှကောင်စီကိုယ်စား မည်သည့်အနေအထားဖြင့် လုပ်ကိုင်နေသည်ဖြစ်စေ အားလုံးမှ လုပ်ဆောင်ရမည့် တာဝန်များမှာ-

- ဗြိတိသျှကောင်စီ၏ ကျေးဇူးခံ(သို့)ဝန်ဆောင်မှု ရယူသူ ကလေးသူငယ်(သို့)အရွယ်ရောက်ပြီးသူတို့ပါဝင်သည့် အမှန်တကယ် (သို့) သံသယရှိသည့် မတော်မတရားမှုအကြောင်း အငြင်းပွားဖွယ်(သို့) စိုးရိမ်မကင်းဖွယ်များအားလုံး အစီရင်ခံခြင်း
- ဗြိတိသျှကောင်စီမှ သိထားခြင်း မရှိသော်လည်း ကလေးသူငယ်(သို့)အရွယ်ရောက်ပြီးသူ(ဥပမာ ဗြိတိသျှကောင်စီ သင်ကြားရေးဗဟိုဌာနတွင် တက်ရောက်နေသည့် ကလေး(သို့) အရွယ်ရောက်ပြီးသူ၏မောင်နှမ)တို့နှင့် ပတ်သက်သည့် အမှန်တကယ် (သို့) သံသယရှိသည့် မတော်မတရားမှုအကြောင်း အငြင်းပွားဖွယ်(သို့) စိုးရိမ်မကင်းဖွယ်များအားလုံး အစီရင်ခံခြင်း
- အမှန်တကယ် (သို့) သံသယရှိသည့် ဝန်ထမ်းအကျင့်ပျက်မှု(သို့) ကလေး/အရွယ်ရောက်ပြီးသူတို့ကို ပြစ်မှုမြောက်သည့် မတော်မတရားကျင့်မှု ပါဝင်သော အငြင်းပွားဖွယ်(သို့) စိုးရိမ်မကင်းဖွယ်များအားလုံး အစီရင်ခံခြင်း
- အငြင်းပွားဖွယ်(သို့) စိုးရိမ်မကင်းဖွယ်များအားလုံးကို လျှို့ဝှက်ထားပြီး သိရန်လိုအပ်မှ ဝေမျှရမည်။

မတော်မတရားမှု ဖြစ်ခဲ့ခြင်းရှိမရှိ ဝန်ထမ်းမှ ဆုံးဖြတ်ရန် တာဝန်မရှိပါ။ သို့ရာတွင် မည်သည့်စိုးရိမ်မကင်းဖွယ်မဆို မည်မျှပင် မရေမရာ သံသယဖြစ်ခြင်း၊ တစ်ခုခုမှားနေသည်ဟု 'စိတ်မှအလိုလိုသိခြင်း' ဖြစ်စေကာမူ ဝန်ထမ်းအားလုံးမှ မဖြစ်မနေ အစီရင်ခံရန် တာဝန်ရှိပါသည်။

အမှန်တကယ် (သို့) သံသယပွားအပ်သည့် မတော်မတရားမှုအကြောင်း အချက်အလက်ကို မည်သည့်ဝန်ထမ်းကမှ တစ်ဦးချင်း ‘လျှို့ဝှက်’ထားရန် သဘောတူခြင်းမပြုရပါ။

ဗြိတိသျှကောင်စီသည် စုံစမ်းစစ်ဆေးနိုင်သည့် အခွင့်အာဏာရှိသူမဟုတ်သောကြောင့် သက်ဆိုင်ရာလူမှုရေး၊ သာရေးမာရေး/တရားဥပဒေစိုးမိုးရေးအဖွဲ့များထံ သင့်တော်သလို ညွှန်းဆိုသွားမည်ဖြစ်သည်။ ထိုသို့ညွှန်းဆိုရာတွင် အန္တရာယ်ပိုဆိုးမလာလျှင် ကလေးသူငယ်နှင့် ၄င်း၏မိဘ/အုပ်ထိန်းသူ(သို့)အရွယ်ရောက်ပြီးသူထံမှ ထောက်ခံချက်ရယူရန် ဗြိတိသျှကောင်စီမှ သဘောတူညီချက် တောင်းပါမည်။ သဘောတူညီမှု မရှိပဲ ရည်ညွှန်းလိုလျှင် ကမ္ဘာ့ဘေးကင်းလုံခြုံရေးအဖွဲ့နှင့် ပူးပေါင်းဆုံးဖြတ်သွားပါမည်။

ပြင်ပဥပဒေရေးရာအဖွဲ့ထံ ညွှန်းဆိုရန် လိုအပ်သည့်အခါ အန္တရာယ်မပြုခြင်း သဘောတရားကို ကိစ္စအရပ်ရပ်တွင် အသုံးချသွားပါမည်။

အငြင်းပွားဖွယ်(သို့)စိုးရိမ်မကင်းဖွယ်တစ်ခုခုကို အစီရင်ခံရာတွင် သင့်ဘေးကင်းလုံခြုံရေးပင်မတာဝန်ခံ၊ နိုင်ငံအဆင့် ဘေးကင်းလုံခြုံရေး မန်နေဂျာ (သို့) ကမ္ဘာ့ဘေးကင်းလုံခြုံရေး အဖွဲ့ထံ ဆက်သွယ်ပါ။ အစီရင်ခံရန် လုပ်ထုံးလုပ်နည်းအကြောင်း နောက်ထပ်သိလိုလျှင် Global Safeguarding Intranet site တွင်တွေ့နိုင်ပါသည်။

# တာဝန်သိမှု၊ မော်နီတာလုပ်ခြင်းနှင့်အကဲဖြတ်ခြင်း

## တာဝန်သိမှု

နိုင်ငံအဆင့် ဘေးကင်းလုံခြုံရေးမူဝါဒ အကောင်အထည်ဖော်ရန် နိုင်ငံအဆင့်ညွှန်ကြားရေးမှူးတွင် တာဝန်ရှိပါသည်။ အင်္ဂလိပ်စာနှင့်စာမေးပွဲ၊ ယဉ်ကျေးမှုအရဆက်ဆံမှု၊ လူသားအရင်းအမြစ်ကဲ့သို့သော SBUsနှင့် ဌာနဆောင်တာများပံ့ပိုးရာတွင် ဒေသအဆင့်ပံ့ပိုးမှုအတွက် ဒေသအဆင့်SBU ခေါင်းဆောင်များတွင်လည်းကောင်း၊ အဖွဲ့အစည်းအဆင့်တွင် ယူကေမှ SBU ညွှန်ကြားရေးမှူးတွင်လည်းကောင်း တာဝန်ရှိပါသည်။

ဗြိတိသျှကောင်စီအတွင်း အထွေထွေ ဘေးကင်းလုံခြုံရေးအတွက် အဆုံးစွန်တာဝန်ရှိသူများမှာ အမှုဆောင်ဘုတ်အဖွဲ့ဖြစ်ပါသည်။

ဘေးကင်းလုံခြုံရေးမူဝါဒ ချိုးဖောက်မှုအားလုံးကို အလေးအနက်ထား အရေးယူပါမည်။

## အရင်းအမြစ်

ဘေးကင်းလုံခြုံရေးမူဝါဒကို ထိထိရောက်ရောက် အကောင်အထည်ဖော်စေနိုင်ရန် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၊ SBUတစ်ခုချင်း သင့်တော်သည့် ဘဏ္ဍာရေးနှင့် လူသားအရင်းအမြစ်များ ထားရှိရပါမည်။ "လိုက်နာစေရန်အတွက် မည်မျှပင်ကုန်ကျသည်ဖြစ်စေ လိုအပ်သည်များ အားလုံးလုပ်ဆောင်ရန်"ဗြိတိသျှကောင်စီမှ သတ်မှတ်ထားပါသည်။

## အခြားမော်နီတာလုပ်နည်းများ

ဗြိတိသျှကောင်စီမှ ချမှတ်ထားသည့် ဌာနတွင်းစိစစ်ရေး၊ ဘေးအန္တရာယ်အစီရင်ခံချက်နှင့် လုပ်ငန်းဆက်လက် ဆောင်ရွက်မှု အစီအစဉ်ကဲ့သို့ အခြားအစီရင်ခံနည်း၊ မော်နီတာလုပ်နည်းများဖြင့် နိုင်ငံအဆင့်ညွှန်ကြားရေးမှူးနှင့် SBUခေါင်းဆောင်တို့မှ ဘေးကင်းလုံခြုံရေးမူဝါဒ အကောင်အထည်ဖော်မှု အကြောင်း အချက်အလက်များ ပေးရန် လိုအပ်ပါမည်။

အဖွဲ့တွင်း မော်နီတာလုပ်ဆောင်နည်းများအပြင် ဤမူဝါဒကို အကောင်အထည်ဖော်ရာတွင် ပြင်ပမော်နီတာလုပ်ခြင်း၊ ပရဟိတ ကော်မရှင်နှင့် FCDOကဲ့သို့သော ဆိုင်ရာအဖွဲ့အစည်းများထံ အစီရင်ခံခြင်းတို့ လုပ်ဆောင်ရန် လိုအပ်ပါသည်။

### ဘေးကင်းလုံခြုံရေးမူဝါဒပြန်လှန်သုံးသပ်ချက်

ဘေးကင်းလုံခြုံရေးမူဝါဒကို ပြန်လှန်သုံးသပ်မြှင့်တင်ရန် ကမ္ဘာ့ဘေးကင်းလုံခြုံရေးအဖွဲ့တွင် တာဝန်ရှိပါသည်။ ဥပဒေကြောင်း၊ စည်းမျဉ်းစည်းကမ်းနှင့်အကောင်းဆုံးအလေ့အကျင့်အတွက် လိုအပ်ချက်တို့ ပြည့်မီစေရန် ဤမူဝါဒကို နှစ်စဉ်ပြန်လှန်သုံးသပ်ပါမည်။ ဗြိတိသျှကောင်စီ အမှုဆောင်များအဖွဲ့၏ အတည်ပြုချက်အပေါ်မူတည်ပြီး ပြန်လှန်သုံးသပ်မှုတစ်ခုချင်းအတွက် အဖွဲ့မှ အတည်ပြုချက် ရယူပါမည်။

**ကမ္ဘာ့ဘောဇကင်းလုံခြုံရေးအဖွဲ့**

**အောက်တိုဘာ၊ ၂၀၂၀**

**၂၀၂၁-တွင်အလုပ်သဘောပြန်လှန်သုံးသပ်ရန်**